မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် - ၁။)

(၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်)

(၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

အပိုင်း - ၁

အချီး

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ဟုခေါ်တွင်စေရမည်။

**အဓိပ္ပာယ်ဖော်ပြချက်များ**

၂။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့် ဖြစ်စေ မဆန့်ကျင် လျှင်-

(က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ပေးအပ်ထားသောအရာရှိဆိုသည်မှာ ဤဥပဒေအရ မီးပြခွန်များ၊ အသုံးစရိတ်များနှင့် ကုန်ကျစရိတ်ငွေများကို ကောက်ခံရန်အတွက်လည်းကောင်း၊

အခြားတာဝန်ထမ်းဆောင်ရန်အတွက်လည်းကောင်း၊

မြန်မာ့ဆပ်ကမ်းအာဏာပိုင်က ပို့ဆောင်ရေး ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် တာဝန်ပေး အပ်ထား သောအရာရှိကို ဆိုသည်။

(ခ) "ပင်လယ်မီးပြတိုက်" ဆိုသည်မှာ ဇယားတွင်ပါရှိသော မည်သည့်မီးပြတိုက်မဆိုကိုသော် လည်းကောင်း၊ ဤအက် ဥပဒေပါကိစ္စများအလို့ငှာ ပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့် ကြော်ငြာ စာဖြင့် ပင်လယ်မီးပြတိုက်ဖြစ်သည်ဟု ကြေညာသော မည်သည့်မီးပြတိုက်မဆိုကိုသော် လည်း ကောင်း ဆိုလိုသည်။

(ဂ) "မီးပြတိုက်" ဆိုသည့်စကားရပ်တွင် မီးပြသင်္ဘော၊ မြူကျချိန် အချက်ပြ၊ လမ်းညွှန်ဗော်ယာ၊ အချက်ပြတိုင် သို့မဟုတ် သင်္ဘောများအား လမ်းညွှန်ရန်ပြသထားသော သို့မဟုတ် အသုံးပြုထား သော အမှတ်အသား သို့မဟုတ် ကိရိယာ တန်ဆာမဆိုပါဝင်သည်။

(ဃ) "ဒေသန္တရမီးပြတိုက်" ဆိုသည်မှာ ပင်လယ်မီးပြတိုက် မဟုတ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းရှိ မည်သည့်မီးပြတိုက်ကိုမဆို ဆိုလိုသည်။

(င) "ဒေသန္တရမီးပြတိုက်အာဏာပိုင်" ဆိုသည်မှာ ဒေသန္တရမီးပြတိုက်တစ်ခုကိုကြီးကြပ်စီမံခန့်ခွဲရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် က ခန့်ထားသူကိုဆိုလိုသည်။

(စ) "ပိုင်ရှင်" ဆိုသည် စကားရပ်တွင် သင်္ဘောကို တစ်စိတ် တစ်ဒေသပိုင်ဆိုင်သူ၊ ငှားရမ်းအသုံးပြုသူ၊ သင်္ဘောကိုလက် ဝယ်ထားရှိသူ၊ အပေါင်ခံထားသူနှင့် သင်္ဘော၏ကိုယ်စားလှယ် အဖြစ် လွှဲအပ်ထားခြင်းခံရသူများပါဝင်သည်။

(ဆ) "ဆိပ်ကမ်း" ဆိုသည်မှာ ဆိပ်ကမ်းများ အက်ဥပဒေနှင့် အကျုံးဝင်သော မည်သည့်ဆိပ်ကမ်းကိုမဆို ဆိုလိုသည်။

(ဇ) ဤအက်ဥပဒေတွင် အသုံးပြုထားသော စကားလုံးများနှင့် စကားရပ်များကို အခြားနည်းအားဖြင့် အဓိပ္ပာယ်သတ်မှတ် ဖော်ပြထားခြင်းမရှိလျှင် မြန်မာနိုင်ငံကုန်သဘောအက်ဥပဒေ တွင် သက်ဆိုင်သည့်အလျောက် ပါရှိသော အဓိပ္ပာယ်များ အတိုင်းဖြစ်စေရမည်။

**နည်းဥပဒေများပြဋ္ဌာန်းနိုင်ခွင့်**

၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ဤအက်ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ဤအက်ဥပဒေနှင့်အညီ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည်။

**မီးပြတိုက်တာဝန်ခံအရာရှိခန့်အပ်ခြင်း**

၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြေငြာစာ ထုတ်ပြန်၍ မီးပြတိုက်တာဝန်ခံအရာရှိကိုခန့်အပ်ရမည်။ ထိုအပြင် ရေလမ်းကြောင်းလုံခြုံရေး၊ ရေကြောင်းလမ်း ညွှန်မှုဆိုင်ရာနိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီရေးအမျိုးသားရေကြောင်း ဆိုင်ရာမူဝါဒများအကောင်အထည်ဖော် ဆောင်ရွက်ရေးတို့တွင် ရေကြောင်းနှင့် သက်ဆိုင်သောပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်

ရွက်ရန်အလို့ငှာမီးပြတိုက်ဌာနခွဲအားရေကြောင်းဌာနမှူးချုပ်၏ကွပ်ကဲမှုအောက်တွင်ထားရှိရမည်။

**အကြံပေးကော်မတီများ ခန့်ထားခြင်း**

၅။ (၁) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤအက်ဥပဒေအရ စီမံခန့်ခွဲသည့်အရပ်ရပ်ကိစ္စများကို မိမိအား

အကြံပေးရန် အကြံပေးကော်မတီတစ်ခုကို ဖွဲ့စည်းရမည် အထူးသဖြင့် အောက်ပါကိစ္စများနှင့်

ပတ်သက်၍ ယင်း ကော်မတီနှင့် တိုင်ပင်ရမည်-

(က) ဒေသန္တရမီးပြတိုက်များ သို့မဟုတ် ၎င်းတို့နှင့် စပ်လျဉ်းသောမည်သည့်အလုပ်ကိုမဆို တည်ဆောက်ခြင်း၊ တည်နေရာသတ်မှတ်ခြင်း၊

( ခ ) ဒေသန္တရမီးပြတိုက်များကိုထပ်မံဖြည့်စွက်ခြင်းသို့မဟုတ် ပြောင်းလဲခြင်းသို့မဟုတ် ဖျက်သိမ်း ခြင်း၊

( ဂ ) မည်သည့်ဒေသန္တရမီးပြတိုက်မဆို၏ မီးအချက်ပြစနစ် ကိုဖြစ်စေ သို့မဟုတ် မီးအသုံးပြုပုံ နည်းလမ်းကို ဖြစ်စေ ပြောင်းလဲခြင်း၊

(ဃ) ဒေသန္တရမီးပြတိုက်များနှင့် စပ်လျဉ်းသော အဆိုပြု ချက်များ ၏ကုန်ကျစရိတ် သို့မဟုတ်

(င) ဤအက်ဥပဒေအရ မည်သည့်နည်းဥပဒေကိုမဆို ပြဋ္ဌာန်းခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊

(၂) အဆိုပါ အကြံပေးကော်မတီ၌ ဤအက်ဥပဒေနှင့်သက်ဆိုင်သော အကျိုးစီးပွားများကို

ကိုယ်စားပြုသည့် ပုဂ္ဂိုလ်များကိုသော်လည်းကောင်း၊ သို့မဟုတ် သက်ဆိုင်ရာပညာရပ်၌ အထူး

ဗဟုသုတရှိသော ပုဂ္ဂိုလ်များကို သော်လည်းကောင်း ပါဝင်စေရမည်။



**အပိုင်း (၂)**

**ယေဘုယျမီးပြတိုက်များ**

**ကြီးကြပ်အုပ်ချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း**

**ကြီးကြပ်အုပ်ချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း**

၆။ ပင်လယ်မီးပြတိုက်များအား ကြီးကြပ်ရန်နှင့် စီမံခန့်ခွဲရန် တာဝန်ကို ပို့ဆောင်ရေးဝန်ကြီးဌာနမှတာဝန်ခံ ဆောင်ရွက်ပြီး ဤတာဝန်ကို ဆောင်ရွက်ရန်သင့်လျော်သည်ဟု ယူဆလျှင် ပဋိညာဉ်စာချုပ် ချုပ်ဆို၍ဖြစ်စေ၊

အခြားနည်းလမ်းဖြင့်ဖြစ်စေ၊စီမံဆောင်ရွက်ရန်လုပ်ပိုင်ခွင့်ကို

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့အပ်နှင်းထားရမည်။

## မီးပြခွန်များ

### မီးပြခွန်စည်းကြပ်ခြင်းနှင့်ကောက်ခံခြင်း

၇။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှဖြစ်စေ၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်၏ဆိပ်ကမ်းတစ်ခုမှ အခြား တစ်ခုသို့ဖြစ်စေ၊ ရေကြောင်းခရီးသွားလာသောသင်္ဘောများ၏ အကျိုး အတွက် ပင်လယ်မီးပြတိုက်များကို ပြည်ထောင်စုမြန်မာနိုင်ငံ၌ ထားရှိပေးခြင်း၊ သို့မဟုတ် ပြုပြင်ထိန်းသိမ် ခြင်း သို့မဟုတ်ထားရှိထိန်းသိမ်းပေးခြင်းကို ဆောင်ရွက်ရန် ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ပြဋ္ဌာန်း ချက်များကို အထောက်အထားပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ရောက် လာသော သို့မဟုတ် ဆိပ်ကမ်းမှ ထွက်ခွာလာသော သင်္ဘောတိုင်းကို မီးပြခွန်စည်း ကြပ်ကောက်ခံ စေရမည်။

### စည်းကြပ်ရမည့် မီးပြခွန်နှုန်းထားများ

၈။ (၁) ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘော တူညီချက်ဖြင့် အမိန့်ကြော်ငြာစာ

ထုတ်ပြန်၍ ပင်လယ် မီးပြ များနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် မီးပြ ခွန်နှုန်းထားများကို ပြဋ္ဌာန်းနိုင်သည်။ ထိုပြင်သင်္ဘောအမျိုးအစား အမျိုးမျိုးအတွက် နှုန်းထားအမျိုးမျိုးကို ပြဋ္ဌာန်း နိုင်သည်။ သို့မဟုတ်

သင်္ဘောအမျိုးအစားတူညီစေကာမူ ကွဲပြားခြားနားသော ရည်ရွယ်ချက်များ အတွက်ဖြစ်စေ၊ ကွဲပြားခြားနားသော အခြေအနေများအတွက်ဖြစ်စေ၊ နှုန်းထားအမျိုးမျိုးကို ပြဋ္ဌာန်းနိုင် သည်။

(၂) သင်္ဘောတစ်စင်းအတွက် ပေးဆောင်ရမည့် မီးပြခွန်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ရောက်လာသည့်အခါ သို့မဟုတ် ဆိပ်ကမ်းမှထွက်ခွာသည့်အခါ သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးက ပေးဆောင်ရမည်။သို့ရာတွင် သင်္ဘောတစ်စီးစီးအတွက် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မီးပြခွန်ပေးဆောင်ပြီးဖြစ်လျှင် ထိုကဲ့ သို့ ပေးဆောင်ရန် အချိန်ကျရောက်သည့်နေ့မှ ရက်ပေါင်းသုံးဆယ် အချိန်ကာလ၌ ထိုသင်္ဘောနှင့်စပ်လျဉ်း၍ နောက်ထပ် အခွန်ပေးဆောင်ခြင်းမပြုစေရ။

(၃) ပုဒ်မခွဲ(၁)အရ မီးပြခွန်စည်းကြပ်သော သို့မဟုတ် ပယ်ဖျက်သော သို့မဟုတ် ပြောင်းလဲသော အမိန့်တစ်ရပ်သည် ယင်း အမိန့်ကို ပြန်တမ်းတွင်ထည့်သွင်းကြေညာသည့်နေ့မှ ရက်ပေါင်းသုံး ဆယ်ကုန်ဆုံးသည့်တိုင်အောင် အာဏာတည်ခြင်း မရှိစေရ။

-၄-

**မီးပြခွန်လက်ခံရရှိကြောင်းပြေစာ**

၉။ မီးပြခွန်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်အပ်ထား သောအရာရှိအား ပေးေဆာင်ရမည်ဖြစ်၍

၎င်းကငွေပေးသွင်းသူအား အောက်ပါအကြောင်းအရာများ ရေးသား ဖော်ပြပါရှိသည့် ငွေရပြေစာကို ပေးအပ်ရမည်-

(က) အခွန်ပေးဆောင်ခဲ့သည့်ဆိပ်ကမ်း၊

( ခ ) ပေးဆောင်သည့်ငွေပေါင်း၊

( ဂ ) အခွန်ပေးဆောင်ရန် အချိန်ကျရောက်ခဲ့သည့်နေ့စွဲ၊

(ဃ) ငွေပေးဆောင်သည့်သင်္ဘော အမည်၊ တန်ချိန်နှင့် အခြား အကြောင်းအရာများ၊

**တန်ချိန်ကို အမှန်သိအောင်ဆောင်ရွက်ခြင်း**

၁၀။ (၁) မီးပြခွန်စည်းကြပ်ရန်အတွက် သင်္ဘောတစ်စီး၏ တန်ချိန်ကို ဤအက်ဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများတွင် သတ်မှတ်သည့်အတိုင်းတွက်ချက်ရမည်။

(၂) မီးပြခွန်စည်းကြပ်ရန် မည်သည့်သင်္ဘောမဆို၏ တန်ချိန်ကို အမှန်သိသာအောင် ဆောင်ရွက်ရာ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ခန့်အပ်ထား သောအရာရှိက အောက်ပါတို့ကိုဆောင်ရွက်နိုင်သည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသည့် သင်္ဘောမှသော်လည်းကောင်း ၊ သို့မဟုတ် နိုင်ငံခြားတိုင်းပြည် တစ်ခု၏ ဥပဒေအရ မှတ်ပုံတင်ထား၍ ပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး အဆိုပါ

တိုင်းပြည်၏ သဘော်များသည် ၎င်းတို့၏ မှတ်ပုံတင်

လက်မှတ် သို့မဟုတ် မိမိနိုင်ငံ

ဆိုင်ရာ အခြားစာရွက် စာတမ်းများ၌ ဖော်ပြထားသည့်

တန်ချိန်အတိုင်းဖြစ်စေ ရမည်ဟု

ကြေငြာထားသော သဘော်မှသော် လည်းကောင်း၊

(ထိုကဲ့သို့သဘော်မျိုးကို ဤပုဒ်မ၏

နောက်ပိုင်း၌ မှတ်ပုံတင် ပြီးဟုရည်ညွှန်းသည်) ပိုင်ရှင် သို့မဟုတ်

ရေယာဉ်မှူး သို့မဟုတ်

သဘော်၏မှတ်ပုံတင်စာအုပ် သို့မဟုတ်

သဘော်တန်ချိန်ကိုဖော်ပြသော အခြား စာရွက်

စာတမ်းများ

လက်ဝယ်ထားရှိသောအခြားပုဂ္ဂိုလ်ထံမှအဆိုပါစာရွက်စာတမ်းများကိုစစ်ဆေး

ရေးအတွက် တင်ပြရန် တောင်းခံခွင့်ရှိစေရမည်။

တင်ပြရန်တောင်းခံခွင့်ရှိစေရမည်။

အကယ်၍ယင်းပိုင်ရှင်၊ ရေယာဉ်မှူး သို့မဟုတ် အခြား

ပုဂ္ဂိုလ်သည် မှတ်ပုံတင်စာအုပ်

သို့မဟုတ် စာရွက်စာတမ်းများကို လိုအပ်သည့် အမှုကိစ္စအလိုက်

တင်ပြရန် ငြင်းဆိုခြင်း

သို့မဟုတ် ပျက်ကွက်ခြင်း သို့မဟုတ် သဘော်၏ တန်ချိန်ကို

အခြားတစ်နည်းအားဖြင့်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က

ပို့ဆောင်ရေးဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့်ခန့်အပ်

ထား သောအရာရှိ ကျေနပ်အောင်ပြုလုပ်ခြင်း မရှိပါက

သင်္ဘောကိုတိုင်းတာပြီး တန်ချိန်ကို

သိသာအောင် ဆောင်ရွက်နိုင်သည်။



(ခ) အကယ်၍ သင်္ဘောသည်မှတ်ပုံတင်ထားသည့် သင်္ဘော မဟုတ်ဘဲ ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူး သည် မှတ်ပုံတင် သင်္ဘောများကိုတိုင်းတာရန် စည်း မျဉ်းသတ်မှတ်သည့် တည်ဆဲ ဥပဒေတွင် ပြဋ္ဌာန်းသည့် တိုင်းတာပုံ နည်းလမ်းနှင့် ညီညွတ်သော တန်ချိန်အမှန် ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ထားသည့်အရာရှိ ကျေနပ်အောင်မတင်ပြနိုင်ပါက သင်္ဘောကိုတိုင်းတာပြီး ယင်းနည်းလမ်းအတိုင်း တန်ချိန်ကို သိသာအောင် ဆောင်ရွက်နိုင်သည်။

(၃) မည်သူမဆို ဤပုဒ်မအရသင်္ဘော၏ တန်ချိန်အမှန်နှင့် စပ်လျဉ်း၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပို့ဆောင်ရေးဝန်ကြီးဌာန၏

သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ထားသည့်အရာရှိ ကျေနပ် အောင် မှတ်ပုံတင်စာအုပ် သို့မဟုတ် အခြားစာရွက်စာတမ်းများ သို့မဟုတ် အခြားနည်းလမ်း တစ်ခုခုဖြင့် တင်ပြရန် မည်သူမဆိုငြင်းဆန်လျှင် သို့မဟုတ် ပျက်ကွက်လျှင် ယင်းပုဂ္ဂိုလ်သည် သင်္ဘောကို တိုင်းတာ၍ တန်ချိန်သိသာအောင် ဆောင်ရွက်မှုအတွက် ကုန်ကျစရိတ်များကို ကျခံစေရမည်။ ထို့ပြင် ရေကြောင်းဌာနမှူးချုပ်ကဖြစ်စေ၊ တာဝန်ပေးအပ်ထားသည့်အရာရှိက ဖြစ်စေ၊ ထိုသူသည် သင်္ဘော၏တန်ချိန်အမှန်ကိုမသိရှိစေရန် ရည်ရွယ်ချက်ဖြင့် တမင်ကျူးလွန်ခြင်း ဖြစ်ကြောင်း တွေ့ရှိပါက အမှုဆောင်အရာရှိချုပ်၏သဘော တူညီချက်ဖြင့်အနည်းဆုံး ငါးသောင်း ကျပ်မှ အများ ဆုံး တစ်သိန်းကျပ်အထိ ဒဏ်ငွေချမှတ်နိုင်သည်။

(၄) ရေကြောင်းဌာနမှူးချုပ်ကဖြစ်စေ၊ တာဝန်ပေးအပ်ထားသည့်အရာရှိကဖြစ်စေ၊ ပုဒ်မ၁၀၊ ပုဒ်မခွဲ(၃ ) အရ ချမှတ်ထားသည့်ပြစ်ဒဏ်နှင့်ပတ်သက်၍ကျေနပ်မှုမရှိပါက ထိုအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်းပို့ဆောင်ရေးဝန်ကြီးဌာနသို့အယူခံဝင်ခွင့်ရှိသည်။

## အခွန်များကောက်ခံခြင်း

### မီးပြခွန်များ၊ အသုံးစရိတ်များနှင့် ကုန်ကျစရိတ်များကိုကောက်ခံခြင်း

၁၁။ (၁) သင်္ဘောတစ်စီးစီး၏ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က

ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီ ချက်ဖြင့်ခန့်အပ်ထား သောအရာရှိက တောင်းဆိုသည့်

အခါ မီးပြခွန်များ သို့မဟုတ် သင်္ဘောနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေ၏ ဤအပိုင်းအရ ပေးဆောင်

ရမည့် ကုန်ကျစရိတ်များကို ပေး ဆောင်ရန် ငြင်းဆိုလျှင် သို့မဟုတ် ပျက်ကွက်လျှင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ထားသည့်အရာရှိ သည် သင်္ဘောနှင့်တကွ သင်္ဘော၏ကုန်တင် ကုန်ချကြိုး၊ အဝတ်တန်ဆာနှင့် ပရိဘောဂ အားလုံးကိုဖြစ်စေ၊ တစ် စိတ်တစ်ဒေသကိုဖြစ်စေ သိမ်းယူ၍အခွန်များ သို့မဟုတ် အသုံးစရိတ်များကို ဖမ်းဆီးထိန်းသိမ်းသည့်အတွက် ကုန်ကျစရိတ်များနှင့်တကွ ပေးဆောင်ပြီးသည့်တိုင်အောင် ယင်း ပစ္စည်းအဝဝကို ဖမ်းဆီးထားနိုင်သည်။

(၂) သင်္ဘောကိုဖမ်းဆီးပြီးနောက် ငါးရက်ကုန်ဆုံးသည့်တိုင်အောင် အဆိုပါအခွန်များ၊ အသုံးစရိတ် များနှင့် ကုန်ကျစရိတ်များ၏ တစ်စိတ်တစ်ပိုင်းကို မပေးဆောင်ရသေးလျှင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ထားသည့်အရာရှိ

သည် ဖမ်းဆီးထားသောသင်္ဘောနှင့်အခြားပစ္စည်းများကိုပါလျှင် အငြင်းပွားသူတစ်ဖက်-ဖက်မှ လျှောက်ထားသည့်အခါ အငြင်းပွားမှုပေါ်ပေါက်ရာနေရာတွင် တရားစီရင်ပိုင်ခွင့်ရှိသည့် ပထမတန်း အာဏာရ ပြစ်မှုဆိုင်ရာတရားသူကြီးက ကြားနာစစ်ဆေးဆုံးဖြတ်ရမည်ဖြစ်၍ ထိုတရား သူကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။ အပြင်ရောင်းချရာတွင် ကုန်ကျစရိတ်များ အပြင်

ရောင်းချရာတွင် ကုန်ကျစရိတ်များနှုတ်ယူပြီးနောက် ငွေကျန်တစ်စုံတစ်ရာရှိလျှင် အဆိုပါ ငွေများပေး

ဆောင်ရန် တာဝန်ရှိသူအား ပြန်ပေးရမည်။

**ဆိပ်ကမ်းမှထွက်ခွာခွင့်ကိုငြင်းပယ်ခြင်း**

၁၂။ သင်္ဘောတစ်စီးစီးအား ဆိပ်ကမ်းမှထွက်ခွာခွင့်ပေးရန် တာဝန်ရှိသော အရာရှိသည် ဤအက်ဥပဒေ၏ ဤအပိုင်းပါပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ သင်္ဘောအတွက် ပေးဆောင်ရန်မီးပြခွန်များ၊ အသုံးစရိတ်များနှင့် ကုန်ကျစရိတ် အားလုံးအပြင် ယင်းပြဋ္ဌာန်းချက်များအရ တပ်ရိုက်ထားသော ဒဏ်ငွေများကိုပါ ပေးဆောင် မပြီးမချင်းဖြစ်စေ သို့မဟုတ် အဆိုပါငွေများကို ပေးဆောင်မည်ဖြစ်ကြောင်း ကျေနပ်လောက်သော အာမခံချက်မရ လျှင်ဖြစ်စေ ဆိပ်ကမ်းမှထွက်ခွာ ခွင့်မပြုရ။

**ပေးဆောင်ရန်တာဝန်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုများကိုဆုံးဖြတ်ခြင်း**

၁၃။ ဤအက်ဥပဒေ၏ ဤအပိုင်းပါပြဋ္ဌာန်းချက်များအရ သင်္ဘောတစ်စီးစီးနှင့် စပ်လျဉ်း၍ ပေးဆောင် ရမည့်မီးပြခွန်များ၊ အသုံးစရိတ်များ သို့မဟုတ် ကုန်ကျစရိတ်များကို

ပေးဆောင်သင့် မသင့်ကိစ္စနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဆိုပါအခွန်များ၊ အသုံးစရိတ်များ သို့မဟုတ် ကုန်ကျစရိတ်များ၏ သင့်ငွေ စုစုပေါင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာလျှင် အငြင်းပွားသူတစ်ဘက်ဘက်မှလျှောက်ထားသည့် အခါ ထိုအငြင်းပွားမှုကို ရေကြောင်းဌာနမှူးချုပ်ကဖြစ်စေ၊ တာဝန်ပေးအပ်ထားသောအရာရှိကဖြစ်စေ၊ ကြားနာစစ်ဆေး၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှုဆောင်အရာရှိချုပ်၏ အတည်ပြုချက်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။ ထိုဆုံးဖြတ်ချက်သည် အပြီးသတ်ဆုံးဖြတ်ချက်ဖြစ်စေရမည်။

**ဆိပ်ကမ်းတစ်ခု၌ ပေးဆောင်ရမည့် မီးပြခွန်ကို အခြားဆိပ်ကမ်းတစ်ခု၌ တောင်းခံခွင့်**

၁၄။ (၁) ဆိပ်ကမ်းတစ်ခုခု၌ ဤအက်ဥပဒေ၏ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ သင်္ဘောတစ် စီးစီး

နှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် မီးပြခွန်များကို မပေးဆောင်ဘဲ ရေယာဉ်မှူးသည် ဆိပ်ကမ်းမှ သင်္ဘောထွက်ခွာလာခဲ့လျှင် ယင်းဆိပ်ကမ်းမှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပို့ဆောင်ရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ခန့်အပ်ထား သောအရာရှိက သင်္ဘောသွားရောက်မည့် သို့မဟုတ် သင်္ဘောရပ်နားနေမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ အခြားဆိပ်ကမ်း တစ်ခုခုမှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ထားသည့်အရာရှိ အား မပေးဆောင်ရသေးသောအခွန်များကို ကောက်ခံရန် စာအား ဖြင့် အကြောင်းကြားနိုင်သည်။

(၂) အထက်ပါ အကြောင်းကြားစာ ပေးပို့ခြင်းခံရသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပို့ဆောင်ရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ထားသည့်အရာရှိ တစ်ဦးဦးသည်



မိမိတာဝန်ထမ်းဆောင်ရာဆိပ်ကမ်း၌ ဤအက်ဥပဒေ၏ အပိုင်းပါပြဋ္ဌာန်းချက်အရ ပေးဆောင် ရမည့် အခွန်များဖြစ်ဘိသကဲ့သို့ စည်းကြပ် ကောက်ခံရန် ဆောင်ရွက်ရမည်။ ထို့အပြင် မီးပြခွန် များကို ပထမပေးဆောင်ရမည့် ဆိပ်ကမ်းမှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပို့ဆောင်ရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ထားသည့်အရာရှိ က ကျသင့်ငွေစုစုပေါင်းကို ဖော်ပြထားသည့် သက်သေခံလက်မှတ်သည် ပုဒ်မ ၁၁ သို့မဟုတ် ၁၃ အရ တရားစွဲဆိုရာ၌ ပေးဆောင်ရမည့်ငွေအတွက် လုံလောက်သော သက်သေခံ ချက်ဖြစ်စေရမည်။

**မီးပြခွန်ပေးဆောင်ရန် တိမ်းရှောင်သည့်အတွက် ပြစ်ဒဏ်**

၁၅။ (၁) ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးသည်ဤအက်ဥပဒေ၏ ဤအစိတ်အပိုင်းပါပြဋ္ဌာန်းချက်များ အရ ရေယာဉ်နှင့် စပ်လျဉ်း၍ ပေးဆောင်ရမည့်မီးပြခွန်များအသုံးစရိတ်များကို ပေးဆောင်ရန်သိ

လျှက်နှင့် တိမ်းရှောင်ရန်ဖြစ်စေ၊ တိမ်းရှောင်ရန်အားထုတ်လျှင်ဖြစ်စေ၊ အဆိုပါ ပုဂ္ဂိုလ်အား ဤသို့

သော အပြုအမူအတွက် ရေကြောင်းဌာနမှူးချုပ် သို့မဟုတ် တာဝန်ပေးအပ်ထားသောအရာရှိက

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှုဆောင်အရာရှိချုပ်၏အတည်ပြုချက်ဖြင့် ပေးဆောင်ရမည့်ငွေ

ပေါင်း၏အနည်းဆုံး ၃ဆမှ ၅ဆအထိ ငွေကို ဒဏ်ငွေအဖြစ်ချမှတ်နိုင်သည်။

(၂) ပုဒ်မခွဲ ၁အရပြစ်ဒဏ်ချမှတ်ချက်ကို ကျေနပ်မှုမရှိပါက ထိုအမိန့်ချမှတ်သည့် နေ့မှ ရက်ပေါင်း(၆၀) အတွင်း ပို့ဆောင်ရေးဝန်ကြီးဌာနသို့အယူခံဝင်ခွင့်ရှိသည်။

## ကင်းလွတ်ချက်

### မီးပြခွန်ပေးဆောင်ခြင်းမှကင်းလွတ်ခွင့်

၁၆။ အောက်ပါသင်္ဘောများကို ဤအက်ဥပဒေအရ မီးပြခွန်ပေးဆောင်ခြင်း မှ ကင်းလွတ်ခွင့်ပြုရမည်-

(က) နိုင်ငံတော်အစိုးရ သို့မဟုတ် နိုင်ငံခြားမင်းညီမင်းသား သို့မဟုတ် တိုင်းပြည်တစ်ခုကပိုင်ဆိုင်ပြီး၊ ကုန်စည် သို့မဟုတ် ခရီးသည်များကို ကုန်တင်ခ သို့မဟုတ် လူစီးခကောက်ခံတင် ဆောင်ခြင်း မပြုသောသင်္ဘော။

(ခ) တန်ချိန် ၅၀ အောက်ရှိသောသင်္ဘော။ ၎င်းပြင် ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်အမိန့်ကြော်ငြာစာထုတ်ပြန်၍ သင်္ဘောတစ်စီးစီးကိုဖြစ်စေ၊ သင်္ဘောအမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ သီးခြားသတ်မှတ်သော ရေကြောင်းခရီးကိုသွားသော သင်္ဘောများကိုဖြစ်စေ အခွန်ပေးဆောင်ခြင်းမှ လုံးလုံးလျားလျား သော်လည်းကောင်း၊ တစ်စုံ တစ်ခု သောအတိုင်းအတာထိလည်းကောင်း၊ အမိန့်ကြော်ငြာစာတွင် သတ်မှတ်ဖော်ပြ ထားသည့်အတိုင်း၊ အခွန်ငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

-၈-

## ပြန်အမ်းခြင်း

### ပိုမိုပေးသွင်းထားငွေကိုပြန်အမ်းခြင်း

၁၇။ ဤအက်ဥပဒေ၏ ဤအပိုင်းပါပြဋ္ဌာန်းချက်များအရ ပေးဆောင်ရမည့် ငွေပေါင်းထက်ပိုမို၍ သင်္ဘော တစ်စီးစီးနှင့်စပ်လျဉ်း၍ မီးပြခွန်များပေးဆောင် ထားခြင်းရှိခဲ့သော်လည်း ငွေပေးဆောင်သည့်နေ့မှ ခြောက်လ

အတွင်း ပိုမိုပေးဆောင်ထားငွေကို ပြန်အမ်းရန် လျှောက်ထားခြင်းမရှိလျှင် မည်သည့်ပြန်အမ်းရန် ဆောင်းဆိုမှု ကိုမျှခွင့်မပြုရ။

## ငွေစာရင်းများ

### ငွေစာရင်းများ

၁၈။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေ၏ ဤအပိုင်းပါ ပြဌာန်းချက်များအရ လက်ခံရရှိသော မီးပြခွန်များ၊ အသုံးစရိတ်များ၊ ကုန်ကျစရိတ်များနှင့် ဒဏ်ငွေများအားလုံးနှင့် ဤအက်ဥပဒေပါကိစ္စများကို ဆောင် ရွက်ရန် ကုန်ကျသည့်အသုံးစရိတ်အားလုံးကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်းစောနိုင်သမျှစောစွာ သီးခြား ငွေစာရင်းဖွင့်လှစ်ထားစေရမည်။

## အပိုင်း - ၃

## ဒေသန္တရမီးပြတိုက်များ

### ဒေသန္တရမီးပြတိုက်အာဏာပိုင်

၁၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကို ဒေသန္တရမီးပြတိုက်တစ်ခုခုအတွက် ဒေသန္တရ မီးပြတိုက် အာဏာပိုင်အဖြစ် ခန့်ထား နိုင်သည်။

အဆိုပါ အာဏာပိုင်အား ဆိုခဲ့သည့် မီးပြတိုက်မျိုးကို ထိန်းသိမ်းနိုင်ခွင့် ပေးသော ဥပဒေတစ်ခုခုဖြင့် သော်လည်းကောင်း၊ ယင်းဥပဒေအရသော် လည်းကောင်း အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အားလုံးကို ဤအက်ဥပဒေ ကို အထောက်အထားပြု၍ ကျင့်သုံးဆောင်ရွက်ရမည်။

## စစ်ဆေးခြင်း

### ဒေသန္တရမီးပြတိုက်များကို စစ်ဆေးပိုင်ခွင့်

၂၀။ (၁) ရေကြောင်းဌာနမှူးချုပ်သည် မည်သည့်အချိန်တွင်မဆိုဖြစ်စေ၊ မီးပြတိုက်တာဝန်ခံအရာရှိသည်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စာဖြင့်ထုတ်ပြန်သည့်အရပ်ရပ်ဆိုင်ရာ သို့မဟုတ် အထူးအမိန့်ဖြင့်

တာဝန်အပ်နှင့်ခြင်းခံရလျှင်ဖြစ်စေ၊ ဒေသန္တရမီးပြတိုက်တစ်ခုခုကို မိမိသင့်လျော်သည်ဟု ထင်မြင်

သည့်အတိုင်း အဆိုပါဒေသန္တရမီးပြတိုက်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းစီမံခန့်ခွဲမှုလုပ်ငန်းနှင့်

စပ်လျဉ်း၍လည်းကောင်း ဝင်ရောက်စစ်ဆေးနိုင်သည်။

(၂) ဒေသန္တရမီးပြတိုက်၏ စီမံခန့်ခွဲရေးကိုတာဝန်ခံသူ(သို့မဟုတ်) သက်ဆိုင်သူသည် ပုဒ်မခွဲ(၁) ဖြင့်သော်လည်းကောင်း၊ ယင်း ပုဒ်မခွဲအရလည်းကောင်း၊ မီးပြတိုက်ကိုစစ်ဆေးရန် အာဏာလွှဲ အပ်ထားသော အရာရှိတစ်ဦးဦးကတောင်းခံသည့် သတင်းအချက်အလက်များကို ပေးအပ်ရန် တာဝန်ရှိစေရမည်။

(၃) ဒေသန္တရမီးပြတိုက်အာဏာပိုင်အသီးသီးသည် မိမိကြီးကြပ်စီမံခန့်ခွဲခြင်းပြုသော မီးပြတိုက်များ (သို့မဟုတ်) မီးပြတိုက်တစ်ခုခုနှင့်စပ်လျဉ်း၍ အစီရင်ခံစာများနှင့် အခြားသတင်း အချက်အလက် များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တောင်းခံသည့်အတိုင်း တင်ပြရမည်။

## ကြီးကြပ်အုပ်ချုပ်ခြင်း

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဒေသန္တရမီးပြတိုက်များကို ကြီးကြပ်အုပ်ချုပ်ခြင်း

၂၁။ (၁) ပုဒ်မ ၂၀ အရ၊ စစ်ဆေးကြည့်ရှုခြင်း သို့မဟုတ် မိမိသင့်လျော်သည်ထင်သည့်အတိုင်း အခြား စုံစမ်းမှုတို့ကိုဆောင်ရွက်ပြီးနောက် သင်္ဘောများ ဘေးအန္တရာယ်လုံခြုံမှုအတွက်လည်းကောင်း၊ အခြားတစ်နည်းအားဖြင့် အကျိုးရှိစေရန်အတွက်လည်းကောင်း၊ ဤပုဒ်မခွဲအရ ညွှန်ကြားချက်ထုတ်ရန်လိုအပ်သည် သို့မဟုတ် သင့်လျော်သည်ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ကျေနပ်လျှင် ဒေသန္တရမီးပြတိုက်အာဏာပိုင်တစ်ဦးဦးကို အောက်ပါအတိုင်းညွှန်ကြားနိုင်သည်-

(က) အဆိုပါ အာဏာပိုင်၏ကြီးကြပ်မှုနှင့် စီမံခန့်ခွဲမှု အောက်ရှိမည်သည့်မီးပြတိုက်ကို မဆိုရွှေ့ရန် သို့မဟုတ် ဆက်လက်မဆောင်ရွက်ရန် သို့မဟုတ် နေရာ ရွှေ့ခြင်း၊ ဆက်လက်မဆောင်ရွက်ခြင်းမှ ရှောင်ရှားရန် သို့မဟုတ် အဆိုပါ မီးပြတိုက်၏

မီးပြပုံစနစ်ကိုဖြစ်စေ၊ အသုံးပြုပုံကိုဖြစ်စေ၊ ပြောင်းလဲရန် သို့မဟုတ် ပြောင်းလဲခြင်းမှရှောင်ရှားရန် သို့မဟုတ်

(ခ) ဒေသန္တရမီးပြတိုက်အာဏာပိုင်က မိမိ၏လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်သော ဒေသဆိုင်ရာနယ်နိမိတ်အတွင်း၌ မီးပြတိုက်တစ်ခုခုကိုတည်ဆောက်ရန်၊ နေရာချထားရန်၊ ထိန်းသိမ်းထားရှိရန် သို့မဟုတ် စိုက်ထူနေရာချထားထိန်းသိမ်းထားရှိခြင်းမပြုရန်။

(၂) ဒေသန္တရမီးပြတိုက်အာဏာပိုင်သည် မိမိဆောင်ရွက်မည့် ကြံရွယ်ချက်အား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ထံစာအားဖြင့် တစ်လကြို တင်အကြောင်းကြားခြင်းမရှိပါက မီးပြတိုက်တစ်ခုခုကို တည်ဆောက်ခြင်း၊ နေရာချထားခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ဆက်လက်မထားရှိခြင်း သို့မဟုတ် မီးပြတိုက်၏မီးပြပုံ စနစ် ကိုဖြစ်စေ အသုံးပြုပုံကိုဖြစ်စေ ပြောင်းလဲခြင်းမပြုရ။

သို့ရာတွင် အရေးပေါ်ကိစ္စအတွက် ဒေသန္တရမီးပြ တိုက်အာဏာပိုင်သည် မိမိလိုအပ်သည် ဟုထင်မြင်သည့်အတိုင်း မိမိ၏ဆောင်ရွက်မှုကို ချက်ချင်းအကြောင်းကြားရမည်။ ထို့ပြင် မီးပြ တိုက်အနီးသို့ ချဉ်းကပ်လာသော သင်္ဘောအားလုံး ကိုလည်းဖြစ်နိုင်သ၍ အကြောင်းကြား ရမည်။

(၃) ဒေသန္တရမီးပြတိုက်အာဏာသည်-

(က) ပုဒ်မခွဲ(၁)အရ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ်

(ခ) မီးပြတိုက်များကို ကြီးကြပ်စီမံခန့်ခွဲရန်နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်စုံတစ်ရာအရ ယင်းအားအပ်နှင်းထားသော သို့မဟုတ် တာဝန်ပေးထားသော လုပ်ပိုင်ခွင့် သို့မဟုတ် တာဝန်ကိုကျင့်သုံးဆောင်ရွက်ရန် ပျက်ကွက်လျှင် သို့မဟုတ် မမှန်မကန် သို့မဟုတ် စွမ်းရည်မဝ သို့မဟုတ် မသင့်မလျော်သည့်နည်းလမ်းဖြင့်ဆောင်ရွက်လျှင် သို့မဟုတ်

(ဂ) အဆိုပါ လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်အတွက် လုံလောက်သော ဘဏ္ဍာရေးများ ပြုလုပ်ရန် ပျက်ကွက်လျှင် ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စာအားဖြင့်အမိန့်ထုတ်ပြန်၍



ဒေသန္တရ မီးပြတိုက်အာဏာပိုင်အား ညွှန်ကြားချက်ကိုလိုက်နာခိုင်းစေနိုင်သည် သို့မဟုတ်

လုပ်ပိုင်ခွင့်ကိုမှန်ကန်စွာကျင့်သုံးရန် သို့မဟုတ် တာဝန်ကိုမှန်ကန်စွာထမ်းဆောင်ရန်

မိမိကျေနပ်သည့် အစီအစဉ်များကိုလည်းကောင်း သို့မဟုတ် တာဝန်ထမ်းဆောင်ရန်အတွက်

မိမိကျေနပ်သော ဘဏ္ဍာရေးထောက်ပံ့မှုကိုလည်းကောင်း သက်ဆိုင်ရာကိစ္စအလိုက်

သတ်မှတ်သည့် အချိန်ကာလအတွင်းပြုလုပ်ထားရန် ခိုင်းစေနိုင်သည်။

(၄) ပုဒ်မခွဲ(၃)အရ ထုတ်ပြန်သောအမိန့်ကို သတ်မှတ်သည့် အချိန်ကာလအတွင်း သို့မဟုတ် မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်ကခွင့်ပြုသော တိုးမြှင့်အချိန်ကာလအတွင်း ဒေသန္တရ မီးပြတိုက်အာဏာပိုင် က လိုက်နာရန် ပျက်ကွက်လျှင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်း သို့မဟုတ် တာဝန်ကိုဆောင်ရွက်ခြင်း သို့မဟုတ် လိုအပ်သောဘဏ္ဍာရေးတို့ကို သက်ဆိုင်ရာ ကိစ္စ အလိုက် ဆောင်ရွက်နိုင်သည်။ ဤသို့ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်ကို ဒေသန္တရမီးပြတိုက် အာဏာပိုင်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား ပြန်လည်ပေးဆောင်ရန် တာဝန်ရှိစေရမည်။

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စီမံခန့်ခွဲခြင်း

### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဒေသန္တရမီးပြတိုက်များကို စီမံခန့်ခွဲခြင်း

၂၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဒေသန္တရမီးပြတိုက်အာဏာပိုင်၏ မေတ္တာရပ်ခံချက်အရ ၎င်း၏ကိုယ်စား ဒေသန္တရ မီးပြတိုက်တစ်ခုခုကို ကြီးကြပ်စီမံခန့်ခွဲနိုင်သည်။ ဒေသန္တရမီးပြတိုက်အာဏာပိုင်သည် ကြီးကြပ် စီမံခန့်ခွဲ မှုအတွက် ကုန်ကျစရိတ်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား သဘောတူညီထားသည့်အတိုင်း ပြန်လည်ပေး ဆောင်ရမည်။

## မီးပြတိုက်ဧရိယာနယ်နိမိတ်သတ်မှတ်ခြင်း

၂၃။ (၁) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆိပ်ကမ်း

နယ်နိမိတ်အတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေတည်ရှိသော မီးပြအဆောက်အဦ ၏ဗဟိုမှ မီတာ(၁၀၀)

ပတ်လည်အတွင်းရှိမြေ (သို့မဟုတ်) ကျောက်တန်း (သို့မဟုတ်) ရေပြင်အား မီးပြတိုက်ဧရိယာ

နယ်နိမိတ်အဖြစ် သတ်မှတ်ခွင့်ရှိသည်။

(၂) ပုဒ်မခွဲငယ်(၁)အရ မီးပြတိုက်နယ်နိမိတ်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက အဆိုပါ

ပုဂ္ဂိုလ်သည်အမိန့်ချမှတ်သည့်ရက်နေ့မှရက်ပေါင်း ၆၀ အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်

အထားများနှင့် အတူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တစ်ဆင့်ပို့ဆောင်ရေးဝန်ကြီးဌာနသို့ အယူခံ

ဝင်ခွင့်ရှိပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

၂၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မီးပြတိုက်အဆောက်အဦတည်ရှိရာ နေရာမှ(၁)ကီလိုမီတာ အကွာ အဝေးအတွင်းမီးပြတိုက်၏အမြင့်နှင့် အမြင်တာကို ထိခိုက်နှောင့်ယှက်စေနိုင်သည့် အဆောက်အဦများဆောက်လုပ်ခြင်းကိုဖြစ်စေ၊သစ်ပင်များစိုက်ပျိုးခြင်းကိုဖြစ်စေ၊ တားမြစ်ခွင့်ရှိသည်။ ထို့အပြင် အမြင်တာကို ထိခိုက်စေနိုင်သည့် သဘာဝပေါက်ရောက်အပင်များကိုလည်း ခုတ်ထွင်ရှင်းလင်းခွင့်ရှိသည်။

၂၅။ မည်သူမဆို ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲမီးပြတိုက်လုပ်ငန်းသုံးပစ္စည်းများယူဆောင်ခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်း (သို့မဟုတ်) မီးပြလုပ်ငန်းကိုအနှောင့်အယှက်ဖြစ်စေသည့် မည့်သည့်လုပ်ဆောင် ချက်ကို မဆို ပြုလုပ် ပါကတည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

**ဇယား**

(၁) မီးပြတိုက်

(က) ကျောက်ဖြူကျွန်း

( ခ ) မီးပြကျွန်း(ထားဝယ်)

( ဂ ) မလိစွန်း

(ဃ) ကလွင်

( င ) မြိတ်ဆိပ်ကမ်းသာ

( စ ) ပလောပလင်

(ဆ) ကျိုက္ခမီ

( ဇ ) ကျွန်းညီနောင်

( ဈ ) မေယုကျွန်း

(ည) စစ်တွေ

( ဋ ) မြေပုံ

( ဌ ) သန္တာကျွန်း

( ဍ )  ဖောင်နက်ကြီး

( ဎ )  မာန်အောင်ကျွန်း

(ဏ)  မာန်အောင်ချောင်းဝ

(တ)  ကျောက်နီမော်

(ထ)  ဆင်ဂေါင်း

( ဒ )  အုန်းတစ်ပင်

( ဓ )  လုံးသာ

( န )  နံ့သာကျွန်း

( ပ )  သံတဲ

( ဖ )  မင်္ဂလာကျွန်း

( ဗ )  ပုသိမ်ကျောက်တန်း

(ဘ)  သမီးလှကျွန်း

( မ )  ချောင်းကြီး

(ယ)  ပြည်တော်သာ



(၂)  ပို့ဆောင်ရေးဝန်ကြီးဌာနက ပင်လယ်မီးပြတိုက်ဖြစ်သည် ဟု ကြေညာသော ပြည်ထောင်စုမြန်မာ နိုင်ငံတော်အတွင်းရှိ အခြားမီးပြတိုက်များ၊